PICA media PUBLISHING HOUSE



# ပြဇာတ်ရေးဆရာ၊ဒါရိုက်တာ၊တေးရေး၊ကဗျာဆရာ

# ဒွေးကြည်၊စလင်း၊

ဆရာဒွေးကြည်(စလင်း)ကို မြန်မာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ သောကြာနေ့ နံနက် ၉ နာရီတွင် စလင်းမြို့၊ မြင်တင်ရပ်၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးပြန့်နှင့်ဒေါ်ကြီးမြင့်တို့ ဖြစ်ကြသည်။ ဆရာဒွေးကြည်(စလင်း)သည် ငယ်စဉ်ပထမတန်းကတည်းက အနု ပညာဗီဇပိုးပါသူ ဖြစ်သည်။ မူလတန်းအရွယ်ကျောင်းသားဘဝက နေ့ခင်း မုန့်စားကျောင်းဆင်းချိန်တွင် အခြားကျောင်းသားများ မုန့်စားသွားကြသော် လည်း ဆရာဒွေးကြည်ကတော့ မုန့်စားမဆင်းဘဲ ကျောင်းခန်းထဲမှာ တစ်ဦး တည်းပြဇာတ်ကရင်း နေရစ်ခဲ့သည်။ ထိုအချိန်က ကျောင်းသင်ခန်းစာတွင် ပါဝင်သောပုံပြင်များကို သူ့နည်းသူ့ဟန်အတိုင်း ဇာတ်ညွှန်းအသစ်ထွင်ကာ ကပြခဲ့သည်။ အချို့သောကျောင်းသားများက မုန့်စားမဆင်းဘဲ ဆရာ ဒွေးကြည်၏ ပြဇာတ်တင်ဆက်မှုကို ဝိုင်းဝန်းလက်ခုပ်တီးအားပေးခဲ့ကြသည်။ ထို့ပြင် ဆရာဒွေးကြည်က ပြဇာတ်ထဲတွင်ပါဝင်သော စာသားများကို လက် တန်းရွတ်ဆိုခဲ့သည်။

ကျောင်းဆင်းပြီး အိမ်ပြန်ရောက်လျှင်လည်း အနားမနေ။ သူ့ဖခင်၏ ပုဆိုးစုတ်များကို နောက်ခံပိတ်ကားလုပ်ပြီး ပြဇာတ် ကပြခဲ့သည်။ ဆရာ ဒွေးကြည်၏ ဖခင်ကလည်း သားဖြစ်သူ၏ အနုပညာဗီဇကို သိသဖြင့် ရှိသမျှ သစ်တိုသစ်စများကိုစုဆောင်းကာ သူကိုယ်တိုင် သူ့အိမ်ဝင်းအတွင်း ဇာတ် စင်ဆောက်ပေးခဲ့ရဖူးသည်။ 'တောကငွေစင်'၊'ရွှေလိပ်ပြာ'စသည့် ပြဇာတ် နှင့်နောက်ပိုင်းဇာတ်ထုပ်များကိုကလေးဘဝကတည်းကတစ်ယောက်တည်း ရေး၊ ဒါရိုက်တာလုပ်ကာ သူငယ်ချင်းများနှင့်အတူ ကပြခဲ့ကြသည်။

ဆရာဒွေးကြည်(စလင်း)၏ မိဘနှစ်ပါးမှာ ဆယ့်နှစ်ပွဲဈေးသည်များ ဖြစ်ကြသည်။ နယ်တကာရှိဘုရားပွဲတော်များသို့လှည့်လည်၍ ဈေးရောင်းခဲ့ကြသည်။ ဆရာဒွေးကြည်လည်း မိဘများ ဈေးရောင်းရာသို့ လိုက်လံကူညီ ရင်း ဘုရားပွဲတော်များရှိ ဇာတ်သဘင်များကို အနီးကပ်ကြည့်ရှုလေ့လာခွင့် ရခဲ့သည်။

ဆရာဒွေးကြည် အသက်၁၅ နှစ်ဝန်းကျင်ခန့်ကဖြစ်သည်။ မိဘများနှင့်အတူ မကွေးပွဲတော်သို့ရောက်ရှိခဲ့သည်။ ထိုအချိန်က မကွေးပွဲတော်တွင် ဦးစိန်အောင်မင်း၊ရွှေမန်းတင်မောင်နှင့်ရွှေမန်းကျော်အောင်တို့၏ ဇာတ်သဘင်များခေတ်စားနေချိန်ဖြစ်သည်။ ထိုဇာတ်များကို ဆရာဒွေးကြည် နောကျေနေအောင်ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။ ထိုမှတစ်ဆင့် မင်းသားရွှေမန်းကျော်အောင်နှင့်ရင်းနှီးခွင့်ရရန်ကြိုးစားခဲ့ရာ မေးငေါ့ပြရုံသာ အခွင့်အရေးရခဲ့သည်။ နောက်ပိုင်းတွင် နာမည်ကြီး လူငယ်ကြည်ခိုင်ဇာတ်၏ ပြဇာတ်များကို လေ့လာမှတ်သားအတုယူ၍ ပြဇာတ်များ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးသားခဲ့သည်။ အသက် ၂၀ ဝန်းကျင်တွင် ဆရာဒွေးကြည်ဘဝတစ်ဆစ်ချိုးပြောင်း လဲသွားသည်။ ၁၉၇၉ ခုနှစ်၊ ဆရာဒွေးကြည် အသက် ၂၀ ခန့်တွင် အကယ်ဒမီဂျိုးဖြူဇာတ် စလင်းမြို့တော်သို့ လာရောက်ကပြခဲ့သည်။ ဂျိုးဖြူ ဇာတ်မှ ဒါရိုက်တာဒယ်ဒီဂမုန်းနှင့် စတင်ရင်းနှီးခွင့်ရခဲ့သည်။ စလင်းပွဲတော် တွင် ခုနစ်ညတိတိ ကပြရာ ငါးညမြောက်တွင် ဆရာဒွေးကြည်၏ ပြဇာတ် စင်တင်ကပြခွင့် ရခဲ့သည်။ လေးရက်မြောက်ညကတည်းက ဒါရိုက်တာ ဂျိုးဖြူကိုယ်တိုင် ကြိုတင်ကြေငြာခဲ့သဖြင့် ပြဇာတ်တင်ဆက်သည့်ညမှာ စလင်းပရိသတ်၏ ဝက်ဝက်ကွဲအားပေးခြင်း ခံခဲ့ရသည်။ ပြဇာတ်အမည်မှာ 'ညမွှေးပန်း၏ လျှောက်လဲချက်'ဖြစ်သည်။ ယင်းပြဇာတ်တွင် မင်းသားအဖြစ် မြို့တော်ချစ်ဖွယ်က သရုပ်ဆောင်ခဲ့သည်။

ထိုသို့ဖြင့် စလင်းပွဲတော်ရောက်တိုင်း ဆရာဒွေးကြည်၏ ပြဇာတ်များ ရေပန်းစားခဲ့သည်။ စလင်းပရိသတ်နှင့် ဆရာဒွေးကြည်၏ ပြဇာတ် ဟာမိုနီ

ဖြစ်နေသည်။ ပွဲတော်သို့လာရောက်ကပြသော ဇာတ်သဘင်တိုင်းကလည်း ဆရာဌေးကြည်၏ ပြဇာတ်များကို ဆက်တိုက်ဆိုသလို စင်တင်ကပြခဲ့ကြ သည်။ ပြည်သူ့မုန်တိုင်းအငြိမ့်ဒို့တင်ဌေး၊ ဦးစိန်အောင်မင်းနှင့် ဒါရိုက်တာ သုခမစာလေးတို့က ဆရာဌေးကြည်ကို မြှောက်စားကြသည်။ ထိုသို့ဖြင့် ဆရာဌေးကြည်သည် နောက်ပိုင်းတွင် ကြေးစားပြဇာတ်ရေးဆရာဘဝကို ရောက်ရှိလာခဲ့သည်။

ဆရာဌေးကြည်နှင့်တွဲခဲ့သောဇာတ်သဘင်များလည်း တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့သည်။ တွံတေးသိန်းတန်၏ 'ဂီတရုပ်ရှင်ပြဇာတ်သဘင်'၊ ဦးစိန်အောင်မင်း၏ 'စိန်အောင်မင်း'ဇာတ်၊ မင်းသားခင်မောင်ချင်း၏ 'ပုလဲ အရောင်မမှိန်'ဇာတ်၊ ပုလင်းစိန် ဖန်ခွက်စိန် အမြည်းစိန်ဇာတ်၊ မင်းသား ချမ်းသာ၏ 'ရွှေမန်းသဘင်'ဇာတ်၊ မိုးဝင်း မိုးမင်း၏ 'စံပြသဘင်'၊ မန္တလေး သိန်းဇော်ဇာတ်ပွဲ ...စသည့် ဇာတ်သဘင်များတွင် ဆရာဌေးကြည်၏ ပြဇာတ်၊အော်ပရာများ ဆက်တိုက်ကပြခဲ့သည်။

မန္တလေးသိန်းဇော်ဇာတ်နှင့်တွဲဖက်ရင်း ၁၉၈၇ ခုနှစ်တွင် ဒါရိုက်တာ ဘဝသို့ ရောက်ရှိခဲ့သည်။ ထိုအချိန်အ 'မကွေးမြသလွန်၊ မလွန်မြသပိတ်' ဟုကျော်ကြားခဲ့သည့်အတိုင်းမကွေးမြို့ရှိမြသလွန်ဘုရားပွဲတော်နှင့် မလွန်မြို့ ရှိ မြသပိတ်ပွဲတော်တို့မှာ အထူးပင် နာမည်ကြီးလှသည်။ ၁၉၈၇ ခုနှစ်၊ မြသပိတ်ပွဲတော်တွင် မန္တလေးသိန်းဇော်ဇာတ်သဘင် လာရောက်ကပြခဲ့ရာ ထိုဇာတ်မှာပင် ဆရာဌေးကြည်က 'လတစ်ခြမ်းရဲ့လွမ်းအကျော်'အော်ပရာကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဒါရိုက်တာလုပ်ခွင့် ရခဲ့သည်။ ထိုအော်ပရာမှာ ပရိသတ်ကွင်းလုံးပြည့်အားပေးခြင်းခံခဲ့ရသည်။ မန္တလေးသိန်းဇော်ကိုယ်တိုင် ဆရာဌေးကြည်ကို ဂုဏ်ပြုခဲ့သည်။ ထိုမှတစ်ဆင့် မန္တလေးသိန်းဇော်က ဆရာဌေးကြည်ကို ရန်ကုန်မြို့ရှိ သံလမ်း၊ကမာရွတ်ဇာတ်ရုံသို့ ဆက်လက် ခေါ်ဆောင်လာခဲ့ရာ ကမာရွတ်ဇာတ်ရုံတွင်လည်း 'စည်းသုံးတန် ထိုအရပ် မှာ'

ပြဇာတ်ကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဒါရိုက်တာ လုပ်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့ပြန်သည်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလေးအရေးတော်ပုံကာလတွင် ဇာတ်သဘင် များ ခေတ္တနားခဲ့ရသည်။ အရေးအခင်းပြီးသည်နှင့် အဆိုတော်တွံတေး သိန်းတန်၏ ဂီတရုပ်ရှင်ပြဇာတ်သဘင်တွင် 'သဘင်ချစ်ရင် စင်မြင့်ပေါ် လာခဲ့ပါ'၊ 'မောင်ချစ်စုဝတ္ထုရေးနေသည်'၊ 'ဆေးလိပ်လက်ဆောင်'၊'ပန်းပင်လယ်ကြီးပြည့်တော့မည်' စသည့် ပြဇာတ်များကို ရေးသားပေးခဲ့သည်။ ခေတ်အခြေအနေအရ အချို့ပြဇာတ်များမှာ ကပြခွင့် မရရှိခဲ့ပေ။ ၁၉၉၀ ခန့်တွင် မိုးဝင်း၊မိုးမင်းဇာတ်အတွက် 'မြင့်မိုရ်ထမ်း၍ လမ်းလျှောက်ခြင်း'အော်ပရာနှင့်'စိမ်းလိုက်ပါလေစန္ဒီရေ'ပြဇာတ်များကို ရေးသားပေးခဲ့သည်။ ထိုဇာတ်ရှိ လူရွှင်တော်များ ဖြစ်ကြသော မိုးဒီနှင့်မော့စ်တို့အတွက်လည်း ဟာသတစ်ခန်းရပ်များ များစွာရေးသားပေးခဲ့သည်။ ရွှေအောင်လံမဂ္ဂဇင်းပိုင်ရှင် ဆရာပျော်ဘွယ်စိုးမြင့်အောင်၏ ဆက် သွယ်ပေးမှုဖြင့် မန္တလေးရှိဦးဆန်နီ၏ 'ရွှေရတနာအငြိမ့်'တွင် အော်ပရာများ ရေးသားခွင့် ရခဲ့သည်။ ထိုအချိန်က ဦးဆန်နီ၏ 'ရွှေရတနာအငြိမ့်' သည် အထူးအောင်မြင်ကျော်ကြားလှသည်။ ဦးဆန်နီ၏ ဆက်သွယ်ပေးမှုဖြင့် အခြားမန်းဇာတ်သဘင်များနှင့်လည်း လက်တွဲခွင့်ရခဲ့သည်။ 'မင်းသားဝင်းနောင်'၊'ရွှေညီအစ်ကို'၊'ရွှေမင်းသားလေးများ'၊'ရွှေမန္တလာ'၊'ရွှေမဟာ'၊ ရွှေမန်းသဘင်'၊'ရွှေမောင်နှမ'၊'ရွှေဝေလျှံ'၊'နန်းမြို့တော်'၊'မြတစ်ရာအငြိမ့်'၊ 'လမင်းတရာ'၊'သစ်လွင်အငြိမ့်'၊'လှိုင်ဘွားအောင်'၊'ပွဲတိုင်းကျော်'၊'မန္တလာထိပ်ခေါင်'စသည့်ဇာတ်သဘင်များနှင့် လက်တွဲခဲ့သည်။

မင်းသားဖိုးချစ်၏ 'မြို့ရွှေမန်းသားဖိုးချစ်'ဇာတ်သဘင် စလင်းမြို့သို့ လာရောက်ကပြသော ဒုတိယနှစ်တွင် 'သာယာရွှေပြည်မြို့ရိုးတံခါး' အော် ပရာကို ရေးသားပေးခဲ့သည်။ ထိုအော်ပရာသည်လည်း ပရိသတ်အားပေး မှုများစွာ

ရရှိခဲ့သော အော်ပရာတစ်ပုဒ်ဖြစ်သည်။ သို့ဖြင့် မင်းသားဖိုးချစ်နှင့် ဆက်လက်လက်တွဲခဲ့ရာ 'လူတွေပြောတဲ့လောကဓံ'၊ 'ဖိုးမောင်လာပြီ'၊ 'အမေနဲ့သား'၊'အမှန်တရား အမှားတစ်ခု'စသည့်ပြဇာတ်များကို ရေးပေးခဲ့ ရသည်။ ထို့ပြင် 'အထက်ရွာအညာကျေးဆီက'၊ 'မသိမကြောက် သိ မကြောက်'၊ 'ပန်းလိုသီမှ ပန်းသီလ' စသည့် အော်ပရာများကို ရေးသားတင် ဆက်ပေးခဲ့ရသည်။

မင်းသားစွမ်းဇာနည်ကလည်း ဆရာဌေးကြည်ရေးပြီး ဟန်ဇာမိုးဝင်း ကပြခဲ့ဖူးသော'သံသယခေါ်သံ'ပြဇာတ်ကို ပြန်လည်ဆန်းသစ်ကပြခဲ့သည်။ မုံရွာဇာတ်သဘင်တစ်ခုဖြစ်သည့် ရန်ကုန်ဇော်ဝင်းသား ရဲထက် အောင်၏ 'အောင်ပွဲသဘင်'၊ ပခုက္ကူဇာတ်သဘင်များဖြစ်ကြသည့်'စိန်ကျော်သဘင်ဝင်းမင်း'ဇာတ်၊ 'ရွှေမေတ္တာ'ဇာတ်၊'ကျော်ရတနာ'ဇာတ်၊ ချောက်မြို့ဇာတ်သဘင်များဖြစ်ကြသည့် ဇာတ်ဆရာ ကိုဘိုဌေး တည်ထောင်သော 'ဌေးမဟာ၊နန်းမဟာ'ဇာတ်၊ 'စိန်တစ်ရာ'ဇာတ်၊ 'တို့ ဇာတ်ပွဲ'သဘင်၊ မော်လမြိုင်ဇာတ်သဘင်များဖြစ်ကြသည့် ('ပုပ္ပားလာရင် ထီးယူခဲ့ပါ' ပြဇာတ်ဖြင့်အောင်မြင်ခဲ့သော)ရွှေမြိုင်ဆန်းဝင်းကြည်၏ 'နန်းသပြေ'ဇာတ်၊ ဇာတ်ဆရာကိုရွှေလန်း၏ 'ရွှေကံစည်'ဇာတ်၊'ကျော်ဝင်းနိုင်'ဇာတ်၊'ချစ်ရဲမင်း' ဇာတ်၊ 'ချစ်ရာဇာ'ဇာတ်၊ ပြဇာတ်မင်းသားလွှမ်းနိုင်နှင့် သဇင်မျိုးဆက်တို့ ၏ 'ချစ်ပန်းဝေဝေ'ဇာတ်၊ မွန်ဇာတ်ဆရာအမှုတ်၏ 'နွံ့အဲလိ'မွန်ဇာတ်၊ မုဒုံဇာတ်သဘင်ဖြစ်သည့် 'ဆန်းမင်းအောင်'ဇာတ်၊ ဧရာဝတီတိုင်း ငသိုင်းချောင်းမြို့ဇာတ်သဘင်ဖြစ်သည့် ဇာတ်ဆရာ အောင်မိုးမိုးဦးစီး၍ ဟသ်ာတကိုခင်ဝင်းနှင့်မန်နေဂျာသက်လွင်ဦး စီးစဉ်သော 'ရွှေခေတ်သဘင်'ဇာတ်၊ ရန်ကုန်ဇာတ်သဘင်များဖြစ်ကြသည့် 'လမင်းသာ'ဇာတ်၊ ဇာတ် ဆရာကိုစိုးပိုင်တည်ထောင်သော'သွေးသစ္စာ'ဇာတ်၊ ဇာတ်ဆရာမောင်မောင် တည်ထောင်သော'ဂန္ဓဝင်မောင်မောင်'ဇာတ်၊ ပန်တျာတင်မိုးဝင်း၊ အောင် ဆန်းပွင့်၊ ကျွန်တော့်သဘင်အောင်ကျော်စိုး၊

တင်ကိုဝင်း၏ 'ပျော်တော်ဆက် သဘင်'၊ ညောင်တုန်းမြို့ ဇာတ်သဘင်ဖြစ်သည့် ဇာတ်ဆရာရဲနောင် တည် ထောင်သော 'ရွှေညီအစ်ကို'ဇာတ်၊ ပြည်မြို့ဇာတ်သဘင်ဖြစ်သည့် 'စိတ်ချမ်းသာ'ဇာတ် ... စသည့် ဇာတ်သဘင်များတွင် ပြဇာတ်၊အော်ပရာများ ရေးသားခဲ့၊ရေးသားနေဆဲဖြစ် သည်။

ဆရာဌေးကြည်သည် ပြဇာတ်၊အော်ပရာသာမက တေးသီချင်းများလည်း ရေးသားခဲ့သည်။ ဆရာဌေးကြည်ရေးသား၍ တွံတေးသိန်းတန်သီဆို သော 'ခွေးဖြူမသို့စာတစ်စောင်'၊ 'ငှက်ခါးမလေးပြန်လာပါ'၊ 'လှည်းလမ်း ပေါ် ကားအမောင်းရ' စသည့်သီချင်းများမှာ အထူးပင် အောင်မြင်ခဲ့သည်။ ဟသ်ာတထွန်းရင်သီဆိုခဲ့သော'ဆန်ရေတစ်ပွက်'သီချင်းမှာလည်း အောင် မြင်မှု ရခဲ့သည်။ ယင်း အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းများကို တေးသံရှင်အောင်သူ၊ မေရှက်ဝါ၊ နီနီဝင်းရွှေ၊ အိအိချွန်၊ဝင်းပပသိန်းတန်နှင့် မင်းသန်းတို့ကပြန်လည်သီဆိုခဲ့ကြသည်။ ဗွီဒီယို၊ရုပ်ရှင်ဇာတ်ဝင်တေးအဖြစ် လည်း အသုံးပြုခဲ့ကြသည်။

ဗွီဒီယိုဇာတ်လမ်းလည်း ရေးသားခဲ့သည်။ မင်းသားဒွေး၊ မင်းသမီး ဝါဝါအောင်တို့ သရုပ်ဆောင်၍ ဒါရိုက်တာစိုးခန့်(ကြို့ပင်ကောက်)ရိုက်ကူးခဲ့ သော'ရွှေပုဆိုးနှင့်ရေချိုးပြန်ခဲ့သည်'ဇာတ်လမ်းမှာ ဆရာဌေးကြည်၏ ဇာတ် လမ်းဖြစ်သည်။ ထိုအချိန်က မင်းသားဒွေးပေါ်ကာစအချိန်ဖြစ်သည်။ ထို့ပြင် ဆရာဌေးကြည်၏ 'ပန်းပင်လယ်ကြီးပြည့်တော့မယ်'ပြဇာတ်ကို'ရေပြင်တိုင်း တွင် လှိုင်းရှိသည်'အမည်ဖြင့် ဗွီဒီယိုဇာတ်ကား ထွက်ရှိခဲ့သေးသည်။ ထို ဇာတ်ကားတွင် မင်းသားအဖြစ် တွံတေးသိန်တန်နှင့်ကျော်ဇေယျ၊ မင်းသမီး အဖြစ် စိုးမိုးကြည်တို့က သရုပ်ဆောင်ခဲ့ကြသည်။ တိတ်ခွေခေတ်က အသံ မင်းသားနိုင်လင်းအတွက် 'ရွှေအိပ်မက်နဲ့ငှက်များ' အမည်ရှိ အသံပြဇာတ် တစ်ပုဒ် ဖန်တီးပေးခဲ့သည်။

ဆရာဌေးကြည်(စလင်း)၏ သင်ဆရာ၊ မြင်ဆရာများမှာ တွံတေး သိန်းတန်၊ ဘီအီးဒီအောင်သိုက်၊ မောင်စိတ္တ၊ ဒယ်ဒီဂမုန်း၊ သုခုမစာလေး၊

မောင်ဇော်ဝင်း(ပြည်)၊ မြို့တော်မောင်ယဉ်အောင်၊ စန္ဒရား ခွန်တင်ကြွယ်၊ မန္တလေးဦးစိုးတင့်၊ ရန်ကုန်ကိုချစ်အောင်၊ ထရမ်းပက်လေးနိုင်(ချောက်)၊ ကိုသန်းလွင်(ချောက်)၊ မောင်လွမ်းဝေ(စလင်း)တို့ ဖြစ်ကြသည်။ ယခုလက်ရှိ ဆရာဌေးကြည်သည် သူ၏ ဇာတိမြို့ဖြစ်သည့် စလင်း မြို့၊ မြင်တင်ရပ်မှာပင် နေထိုင်လျက်ရှိသည်။

♥ ♥ ♥

# စာရေးသူ၏ အမှတ်တရစကား

လွန်ခဲ့သည့် ၂ နှစ်နီးပါးခန့်က ရယ်စရာမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာလူဇော်သစ်နှင့်တွေ့ဆုံခဲ့ရာမှ စပ်မိစပ်ရာ ပြောဆိုမိကြရင်း 'ဇာတ်ခုံပေါ်ကအလွဲများ' ရေးဖို့ အကြောင်း ဖန်လာသည်။ သူက သူ့မဂ္ဂဇင်းတွင်ရေးဖို့ပြောသည်။ သို့ဖြင့် သူတာဝန်ခံထားသော ရယ်စရာမဂ္ဂဇင်းတွင် လစဉ်ဆက် တိုက်နီးပါး ရေးဖြစ်ခဲ့သည်။

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသောအလွဲများကို ရေးသားခဲ့သလို အခြား ကျွန်တော့်မိတ်ဆွေများ ပြောပြခဲ့ ကြသည့်အလွဲများကိုလည်း တစ်ဆင့်ဖောက်သည်ချ ရေး သားခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ဇာတ်ခုံပေါ်ကအလွဲများကို ရေးသားခဲ့ရာတွင် အခက်အခဲများစွာ ကြုံခဲ့ရသည်။ ယင်းမှာ အတိတ်ကို ပြန်လည်တူးဖော်ရသည့်အတွက် တချို့အလွဲ ဖြစ်ပေါ်ခဲ့သော ခုနှစ်၊ သက္ကရာဇ်ကို သေချာ မမှတ်မိခြင်း ဖြစ်သည်။ ခန့်မှန်းခြေသက္ကရာဇ်များဖြင့်သာ ပြန်လည်ရေး သားခဲ့ရသည်။ ထို့ပြင် သာမန်အလွဲများကိုလည်း ပရိသတ် ရင်ထဲ ပို၍ အူလှိုက်သည်းလှိုက်ဖြစ်စေရန်အတွက် ထပ် ဆောင်းဖြည့်စွက်ရေးသားခဲ့ရသည်များ ရှိသည်။ ကျွန်တော် ဖြတ်သန်းရာ ဇာတ်သဘင်လောကထဲမှ မည်သူတစ်ဦး တစ်ယောက်ကိုမျှ မထိခိုက်၊မနစ်နာအောင် တတ်နိုင်သရွေ့ ကြိုးပမ်းခဲ့ပါသည်။ ဟာသအမြင်သီးသန့်ဖြင့် တင်ပြခဲ့ပါ သည်။ ထို့ကြောင့် ယခုအလွဲတွင်ပါဝင်သော အဓိက ဇာတ် ကောင်များဖြစ်ကြသည့် ကျွန်တော့်ဆရာသမား၊ မိတ်ဆွေ များကလည်း ကျွန်တော့်ကို ကောင်းစွာ နားလည်ကြလိမ့် မည်ဟု ယုံကြည်မိပါသည်။ ဆရာသမား၊မိတ်ဆွေများ ဖတ် ကြည့်ပြီး ကျွန်တော့်အရေးအသားကြောင့် စိတ်အနှောင့် အယှက်တစ်စုံတစ်ရာကြုံခဲ့ရလျှင်လည်း နားလည်ခွင့်လွှတ်

ပေးကြပါရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါသည်။

ယခု ''ဇာတ်ခုံပေါ်ကအလွဲများ''စာအုပ်ထွက်ရှိလာ ပါပြီ။ စာအုပ်ထွက်ရှိနိုင်အောင် အဘက်ဘက်မှ ကြိုးစား ကူညီပေးသော ကျွန်တော့်မိတ်ဆွေများဖြစ်ကြသည့် လူဇော် သစ်+သန္တာကျော်မောင်ဇနီးမောင်နှံ၊ ရယ်စရာမဂ္ဂဇင်း ဝိုင်း တော်သားအားလုံး၊ စလင်းမြို့ရောက်တိုင်း ကျွန်တော့်ကို ဖေးမကူညီပေးသည့် ဆရာတော် ဦးစန္ဒိမ(စလင်း)၊ ရန်ကုန် ရောက်တိုင်း တည်းခိုခွင့်ပေးသည့် မြောက်ဥက္ကလာ 'ရတနာ စိန်စီကျောင်း'မှဆရာတော်များ၊ ဦးသူရဇော်မိသားစု၊ ကျွန် တော့်ကို စင်တင်ပေးခဲ့သည့် ဝဏ္ဏာကျော်ထင် ဦးစိန်အောင်မင်းနှင့်မိသားစု၊ ရွှေမန်းမိသားစု၊ ဦးဆန်နီ(ရွှေရတနာအငြိမ့်)၊ ရန်ကုန်ဇော်ဝင်း၊ အလွဲများကို ပြောပြပေးခဲ့ကြသည့် စန္ဒရား ခွန်တင်ကြွယ်(မြန်မာ့အသံ)နှင့်ဇနီးမသီတာ၊ ပန်းချီ လှထွဏ်း အောင်၊ ဆရာ ခိုင်ခန့်ဇော်(ဘိုအဖွဲ့)၊ သက်ဦးမောင်(ချောက်)၊ ရန်ကုန်ကိုချစ်အောင်၊ စိန်ကျော်သဘင် ဦးအောင်သောင်း၊ မန္တလေးသိန်းဇော်၏ တူ ကဗျာဆရာ၊ စာရေးဆရာမောင်ဇော် သစ်၊ မောင်ဗိုလ်လူ(မုံရွာ)၊ ဂျင်မီဇရက်၊ ဖွဲကပင်သျှုန်နေ၊ ငွေဖူး(စလင်း)၊ စိုးခန့်(ကြို့ပင်ကောက်)၊ သာတီစစ်(စလင်း)၊ ရဲဘော်လှကျော်နေ၊ ကိုခင်မောင်စိုး(မြန်မာစာ)တို့အား ကျေးဇူးအထူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကျွန်တော့် မှတ်ဉာဏ်အားနည်းမှုအရ နာမည် မပါဝင်သေး သူအချို့လည်းကျန်ရှိနေပါဦးသည်။ ထိုသူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ထပ်လောင်းပြောဆိုလိုက်ပါသည်။ ကျွန်တော် ဆက်လက်ကြိုးစာပါဦးမည်။

**ဒွေးကြည်၊စလင်း၊**

♥♥♥

# 'ချစ်စွာမသော'နဲ့
# ကျုပ်လိုပြော

မန္တလေးသိန်းဇော်၏ ဇာတ် 'မလဲရွာ'တွင် ကပြစဉ်က ဖြစ်ပါသည်။ ထိုရွာတွင် ပွဲကပြခြင်းကို ငြိမ်သက်စွာ အားပေးသူများ ရှိသလိုအော်ဟစ်လျောင်ပြောင်သူများလည်း ရှိသည်။ ထိုသို့ ပွဲကို ကမရအောင် ပြုမူနေကြသော အချို့နှောင့်ယှက်သူများ၏ အသံများ ကြောင့် မန္တလေးသိန်းဇော်၏ ဇာတ်သူဇာတ်သားများ မည်သို့မျှ ရှေ့ဆက် ကမရဘဲ ဖြစ်နေ၏ ။ ထိုအခါ မောင်သိန်းဇော်က မိုက်ကရို ဖုန်းကိုကိုင်၍ ပရိသတ်ကိုတောင်းပန်သမှုပြုမည် ကြံရွယ်စဉ် ကဗျာ ဆရာ၊ဒါရိုက်တာမောင်ရန်ပိုင်ပြေးလာပြီး 'ဇော်ကြီး နေနေ၊ ဒီကိစ္စကို ငါပြောမယ်' ဟု မောင်သိန်းဇော်လက်ထဲက မိုက်ကရိုဖုန်းကို လု၍ ပရိသတ်ထံ တောင်းပန်လိုက်သည်။ ရိုးရိုးစကားလုံးဖြင့် မတောင်း ပန်ဘဲ ကဗျာဆရာပီပီ အလွန်ကဗျာဆန်၍ နူးညံ့သိမ်မွေ့လှသော နှုတ်ခွန်းဆက်စကားဖြင့် ယခုလို တောင်းပန်လေသည်။

''ချစ်စွာသော ...ချစ်စွာသော ... ချစ်စွာသော ...ချစ်စွာသော ...ချစ်စွာသော ...''

ဒါရိုက်တာမောင်ရန်ပိုင်ခမျာ ထိုစကားလုံးကနေ ရှေ့ ဆက် မတက်ဘဲ ဖြစ်နေသည်။ မိုက်ကရိုဖုန်းကလည်း အက်ကိုးသံ ထပေ် နသဖြင့် ''ချစ်စ်စ်စွွွာသော''ဟူသော အသံသာထပ်ခါကာထပ်ကာ ပျံ့လွင့်နေသည်။ ထိုစကား ၃ လုံးသာ အမျှင်မပြတ် တရစပ်ထွက် ပေါ်နေသဖြင့်ဒါရိုက်တာ မောင်ရန်ပိုင်က ချစ်စွာသော လေ၊ ပရသိ တက် ပိုအော်လေ၊ ပရိသက်က ပို အော်လေ၊ သူက ချစ်စွာသော လေဖြင့် လုံးချာလည်လိုက်နေလေသည်။ ဒါရိုက်တာမောင် ရန်ပိုင်ခမျာ ပရိသတ်ကိုကြည့်၍ ခေါင်းကုတ်လိုက်၊ ဖင်ကုတ်လိုက်

ဖြစ်လာသည်။ ပရိသတ်၏ အသံအောက်တွင် သူ့စကား ရှေ့ဆက်မရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ပြီးနောက် လက်တခါခါဖြင့် ဘာလုပ်ရမှန်းမသိ၊ စိတ်တိုလာပုံရသည်။

ထိုအခါ အနားတွင်ရှိသော ပွဲအုပ်ဘုန်းကြီးက ဒါရိုက်တာ မောင်ရန်ပိုင်ကို လှမ်းခေါ်လိုက်သည်။ ဘုန်းကြီးက မောင်ရန်ပိုင်ကို မောင်သိန်းဇော်၏ ဇာတ်က ဒါရိုက်တာမှန်း သိပုံမရ။ ထို့ကြောင့် 'ဟေ့လူ ချစ်စွာသောတွေ ဘာတွေကို ခင်ဗျား ဘာမှ ပြောမနေ နဲ့ ...။ ကျုပ် ဆက်ပြောမယ်။ ခင်ဗျားပြောမယ့် တောင်းပန် စကားတွေကို ကျုပ်သိတယ်။ ခင်ဗျားပြောမယ့်စကားက ... ချစ်စွာသောပရိသတ်ကြီးခင်ဗျား ... ပွဲကကို အနှောင့်အယှက် မပေးဘဲ အေးဆေးစွာကြည့်ကြပါ လို့ ... တောင်းပန်ချင်တာ မဟုတ်လား။ အခုတော့ ခင်ဗျားစကားက လိုရင်း မရောက်ဘဲ 'ချစ်စွာသော ...ချစ်စွာသော' နေတော့ ပရိသတ်က ဘယ် နားလည်မလဲကွ၊ ဒီတော့ ပိုအော်တာပေါ့ကွာ။ ကဲ ... ခင်ဗျား မပြောနဲ့၊ ကျုပ်ပြောမယ် ...ပေး မိုက်ခရိုဖုန်း' ...ဟု ပြော ပြီး မောင်ရန်ပိုင့်လက်ထဲက မိုက်ခရိုဖုန်းကို လုယူ၊ ပရိသတ်ထံသို့ ကြည့်၍ ပေါက်ကွဲတင်းမာနေသောလေသံဖြင့် ... 'ဟေ့ ပရိသတ်၊ ချစ်စွာသော ဆိုတဲ့ကောင် မပြော တော့ဘူး။ ဒီတစ်ခါ ငါပြောမယ် ငါက ပွဲအုပ်ဘုန်းကြီးကွ။ ပွဲ ကမရအောင် နှောက်ယှက်အော်ဟစ်နေတာဘယ်ကောင်တွေလဲဟေ့၊မင်းတို့ မကြည့်ချင်ရင်နေ၊ မနှောက်ယှက်နဲ့၊ နောက်တစ်ခါအော်တဲ့ကောင်ရှိရင် ငါဆင်းရိုက်မယ်၊ အော်ရဲတဲ့ကောင်အော်ကွာ ... ငါနဲ့ အတွေ့ပဲ' ဟု ဆူပူကြိမ်းမောင်းလိုက်လေ သည်။ ထိုအခါမှ ပရိသတ်မှာ ချက်ချင်းငြိမ်ကျသွားသည်။ အပ်ကျ သံမျှပင် မကြားတော့။

ပရိသတ်ကို ထိန်းပြီးသည်နှင့် တပြိုင်နက် ဘုန်းကြီးက မောင်ရန်ပိုင်လက်ထဲသို့ မိုက်ခရိုဖုန်းကို ပြန်ထည့်ကာ ... 'ဟေ့လူ ချစ်စွာသော .... ခင်ဗျား နောက်တစ်ခါ ပရိသတ်ကိုပြောရင် ချစ်စွာမသောနဲ့၊ ကျုပ်လိုပြော' ဟု ပြော

ဆိုပြီး ဇာတ်ခုံပေါ်မှ ဆင်းသွားပါတော့သည်။

♥ ♥ ♥

# သေချိန်တန်ပြီ

လွန်ခဲ့သော နှစ်များစွာက ''ပန်းအိုင်ပွဲတော်''တွင် ဇာတ် ဆရာတွံ တေးသိန်တန်ဇာတ်''သဘင်ချစ်ရင်စင်မြင့်ပေါ်လာခဲ့ပါ'' ဆိုသည့်ပြဇာတ် တင်ဆက်စဉ်က ဖြစ်သည်။ ပန်းအိုင်ပွဲတော်တွင် ၁၁ ည ကသည်။ နောက်ဆုံးညတွင် ထိုပြဇာတ်ကို တင်ဆက်ပါ သည်။ ဇာတ်လမ်းသဘောအရ ပြဇာတ်၏ အခန်း ၅ တွင် တွံတေး သိန်းတန်၏ ရွာကို သူပုန်စီးနင်းရမည်။ ရွာတွင် တိုက်ပွဲဖြစ်ရမည်။ ထိုတိုက်ပွဲထဲတွင် တွံတေးသိန်းတန်၏ အဘနှင့်နှမဖြစ်သူသည် ပြေးလွှားရှောင်တိမ်းရင်း တိုက်ပွဲထဲတွင် သေရမည်။ အဘနှင့်နှမ သေပြီးမှ တွံတေးသိန်းတန်ကပြေးဝင်လာရမည်။ ဝမ်းနည်းပူဆွေး ငိုကြွေးရမည်။ နောက်ပိုင်းတွင် တွံတေးသိန်းတန်သည် ရွာတွင် သူ့အဘနှင့်နှမ မရှိတော့၍ ရွာမှာ မနေဘဲ မြို့သို့တက်၍ စာရေး ဆရာလုပ်ရမည်ဖြစ်သည်။

ထိုပြဇာတ်အတွက် မည့်သည့်နေ့တွင် မည်သို့သောပစ္စည်း နှင့် ဆက်တင်တို့ လိုအပ်ကြောင်းကို ဒါရိုက်တာက သက်ဆိုင်ရာ တာဝန်ရှိသူတို့ထံ ပြောဆိုမှာကြားထားသည်။ အခန်း ၅မှာ ကပြ မည့်တိုက်ပွဲအတွက် အသုံးပြုရန် ယမ်း ၁၀ချက်လိုသည်ဟု ကား ဆွဲခေါင်းဆောင်ကို ပွဲမကမီ ညနေကတည်းက ပြောထားသည်။ ညရောက်၍ ပြဇာတ်ကပြသောအခါ ထိုတိုက်ပွဲအခန်းသို့ ရောက်လေသည်။ ယမ်းဖောက်ရမည့်သူလည်း သူ့တာဝန်အရ ယမ်းကို ၁၀ ချက်ကို စတင်၍ ဖောက်နေလေပြီ။ ဇာတ်ဝင်ခန်းထဲ က ရွာသူရွာသာများလည်း တိုက်ပွဲခန်းတွင် ပြေးလွှားလှုပ်ရှားနေပါ သည်။ တွံတေးသိန်းတန်၏ အဘနှင့်နှမဖြစ်သူလည်း ရွာသူရွာသား များနှင့်အတူ ပြေးလွှားနေပါသည်။ ရွာသူရွာသားများ ပြေးရင်းလွှား ရင်းသေကုန်ကြသော်လည်း အဓိကသေရမည့် တွံတေးသိန်းတန်၏ အဘနှင့်နှမမှာ ယမ်း ၈ ချက်ဖောက်ပြီးသည်အထိ

မသေသေးဘဲ ဇာတ်ခုံပေါ်တွင် ဟိုဝင်ဒီထွက်ဖြင့် ဆက်လက်ပြေးလွှားလျက် ရှိသည်။

ဒါရိုက်တာလုပ်သူ ကျွန်တော့်မှာ တိုင်ဖုံးကြားမှာနေ၍ စီးနေသောဇောချွေးများကို သုတ်နေမိသည်။ ''မှားရင်မီးနီပြရန်''၊ ''မှန်ရင်မီးစိမ်းပြရန်''သတ်မှတ်ချက်အတိုင်း လက်ထဲရှိ ဓာတ်မီး နှစ်လက်ကိုကိုင်ဆောင်၍ မီးနီပြအချက်ပေးလိုက်သည်။ သို့သော် လည်း ယင်းသားအဖမှာ မသေသေးဘဲ ပြေးလွှားမြဲ ပြေးလွှားနေ သည်။ ခက်ချေပြီ။ ဤအခန်းအတွက် ယမ်းဖောက်ရန် ဖြောက် ၁၀ ချက်စာပဲ တာဝန်ပေးထားသည်ဖြစ်ရာအခု ယမ်း၈ချက် ကုန် သွားပြီ။ ဒီပုံအတိုင်းဆိုရင် နောက်ထပ်နှစ်ချက်ဖောက်လျှင်တောင် သူတို့က ဆက်ပြေးနေမည့်ပုံမျိုး။ နောက် ၂ ချက်အတွင်း သူတို့ သေရင်သေ၊ မသေလျှင် ယမ်းလည်းကုန် ဆက်ဖောက်စရာလည်း မရှိ။ မီးနီဆက်ပြနေသော်လည်း အခြေအနေက မထူး။ သူတို့နှစ် ယောက်သေမှ ရွာထဲသို့ ဝရန်းသုန်းကားပြေးဝင်လာရမည်ဖြစ်သော တွံတေးသိန်းတန်လည်း ဝင်လာ၍ မရ။ ဇာတ်စင်ဘေးကနေ ရပ် စောင့်နေသည်။ ဒီအတိုင်းဆို နောက်ထပ် တင်ဆက်ရမည့် အခန်း များကိုဘယလ် ဆို ကရ် မလ၊ ကျွန် တော့မှာ ထိုသို့ သောအတွေး များ ဖြင့် ဟိုဟာကိုင်ရမလိုလို ဒီဟာကိုင်ရမလိုလို ချီတုံချတုံ ဖြစ်နေ သည်။ ဒီထက်အခြေအနေဆိုးသွားလျှင် ပြဇာတ်ကို ရပ်ပစ်ရန် သာရှိတော့သည်။ ရပ်လိုက်လျှင်လည်း အားပေးနေကြသောပရိသတ် ရှေ့မှာ အရှက်ပြန်းပြန်းကွဲတော့မည်။ ထို့ကြောင့် မသေသေးသော သားအဖကို တိုင်ဖုံးကြားကနေ သူတို့ကြားအောင် ''ဟေ့ အဘနှင့် နှမ ...လျှောက်ပြေးမနေကြနဲ့တော့ ... ယမ်းက ၂ ချက်စာပဲ ကျန်တော့တယ်။ သေလိုက်ကြတော့ ...သေလိုက်ကြတော့ ...'' ဟု တိုးတိုးတိတ်တိတ် ပြောလိုက်ရတော့သည်။

ကျွန်တော့်အသံကြားတော့ သူတို့သားအဖ ချက်ချင်းပင်

ခြေပစ်လက်ပစ်သေလိုက်ကြတော့သည်။ သေလိုက်တာတော့ မှန် ပါရဲ့။
ကျွန်တော့်မှာတော့ ကိုယ့်နဖူးကိုရိုက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တောင်
ပေါက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သေပြီး တစ်မိနစ်လောက်
ကြာချိန်ရောက်မှ သေနတ်သံနှစ်ချက်က ဆက်တိုက်ထွက်ပေါ်လာ
ခြင်းကြောင့်တည်း။ ။

♥ ♥ ♥

# လှေနဲ့ထော်လီ ငြိတဲ့ည

ကျွန်တော့်သူငယ်ချင်း မန္တလေးသိန်းဇော်၏ ဓာတ်ပွဲတွင် ကြုံတွေ့ရသောအလွဲဖြစ်ရပ်လေးကို ဆက်လက်တင်ပြလိုပါသည်။ ၁၉၈၇ ခု နှစ်၊ မန္တလေးသန်း ဇော်၏ ဓာတ် တွင် 'ငှက်တစ် ကောင် အတောင်ဖြုတ်ကြည့်ပါ' ဟူသော ပြဇာတ် မန္တလေးမြို့ ရဟိုင်းဈေး ဓာတ် ရုံတွင် ပထမဆုံး အကြမ် စင်ပြစဉ်က ဖြစ်ပါသည်။

ဓာတ်လမ်းသဘောတရားအရ ပင်လယ်ကမ်းခြေဘေးရှိ ကနုကုကမာဆို သော ရွာလေးသို့ တယောဆရာ ကို ယဉ်ကျေးအဖြစ် သရုပ်ဆောင်သူ မန္တလေးသိန်းဇော်သည် တယောလေးကို ရင်ဝယ် ပိုက်ရင်းလှေတစ်စင်းဖြင့်ရောက်ရှိလာခဲ့သည်။ လှေလှော်ရန်အတွက် ဓာတ်ခုံပေါ်တွင် ဒူးပိတ်ရေလှိုင်းကား နောက်ခံပုံကို ပြင်ဆင်ထား ရသည်။ ဒူးပိတ်နောက်တွင်ထော်လီပြားပေါ်သို့ သေတ္တာတစ်လုံး တင်ထားပြီး၊ ထိုသေတ္တာတွင် သုံးထပ်သားဖြင့် ပြုလုပ်ထားသော လှေဆက်တင်ကို ပြင်ဆင်ထားရသည်။ ထော်လီဆိုသည်မှာ ဓာတ်ခုံ ဟိုဘက်၊ သည်ဘက်သို့တွန်းလွှတ်၍ လည်းကောင်း၊ ဆွဲယူ၍ လည်း ကောင်း လွယ်ကူစေရန် သံဘီးတပ်ထားသော ပစ္စည်းကိရိယာတစ်ခု ဖြစ်သည်။ ကိုယဉ်ကျေးသည် ထိုရွာလေးသို့လှေဖြင့်ဝင်လာစဉ်က စတိတ်ခုံလက်ဝဲဘက်မှ ထော်လီဆက်တင်ဖြင့် လှေထွက်လာခဲ့ရင်း လက်ယာဘက်တိုင်ဖုံးသို့ရောက်သည်အထိ သူ့ထော်လီလမ်းကြောင်း အတိုင်း ညင်သာစွာ ဝင်ရောက်သွားသော်လည်း ဓာတ်သိမ်းခန်း ရောက်၍ လက်ကျာဘက်မှ လက်ဝဲဘက်သို့ လှေဖြင့် အထွက်တွင် အခက်ကြုံရတော့သည်။

ကြုံရပုံကို ရှင်းပြရလျှင် ဓာတ်လမ်းသဘောအရ ကို ယဉ်ကျေးသည် ငယ်စဉ်က ဤရွာလေးသို့ လှေတစ်စင်းဖြင့် ရောက် ရှိခဲ့ပြီး တဲအိမ်လေးဖြင့်

နေထိုင်ရာ တစ်နေ့သ၌ သူ့တဲရှေ့တွင် ကလေးတစ်ယောက်ကောက်ရ၊ ကောက်ရသည့်ကလေးက မိန်းက လေး၊ ထိုကလေးအရွယ်ရောက်လာပြီး သူ့အဖေအရင်းနှင့် ပြန်တွေ့၊ ကိုယဉ်ကျေးထံသို့ သူ့အဖေအရင်းက ကလေးလာတောင်း၊ ထို ကလေးရှေ့ရေးအတွက် ကိုယဉ်ကျေးခမျာ ရတက်မအေး၊ ဖခင်ရင်း ချာလို၊ ကောက်ရသောသူ့သမီး၏ မင်္ဂလာပွဲဆီကို ကိုယဉ်ကျေးက တိတ်တဆိတ်ပြေးထွက်လာ၊ လှေဆိပ်အရောက်တွင် သူ့မှာ ပါလာ သော တယောကြိုးလေးထဲကို စာလေးတစ်စောင်ညှပ်၍ ပြန်လည် ထွက်ခွာမည့် အခန်း၊ သို့သော် လာလမ်းအတိုင်း ရွှေ့ဖို့ လှေကို လက်ယာဘက်မှလက်ဝဲဘက်သို့တွန်းလိုက်စဉ် ရုတ်တရက် ထော်လီ သည် ဇာတ်ခုံဝါးအစွန်းနှင့်ငြိပြီး တွန်းမရဘဲ ဖြစ်နေလေသည်။ ထော်လီနှင့်ဝါးလုံး ငြိနေသည်ကိုသိ၍ တိုင်ဖုံးဘေးမှ စတိတ်လုပ် သားများက ကြိုးဖြင့် ဝိုင်းဆွဲကြသော်လည်း ထော်လီသည် မရွေ့၊ တက်တစ်ချောင်းဖြင့် လှေလှော်နေသော ကိုယဉ်ကျေးခမျာမှာလည်း လှော်သာလှော် လှေမရွေ့သည့်အတွက် ဘာဆက်လုပ်ရမှန်း မသိ၊ ဇာတ်အရှိန်မြင့်သော အခန်းမှာမှ ဤကဲ့သို့ ဖြစ်နေ၍ ပရိသတ်များ ငိုရမလို၊ ရယ်ရမလိုဖြစ်နေသည်ကို ရိပ်မိသော ကိုယဉ်ကျေးခမျာ ရုတ်တရက် အကြံဝ်ဏ်ပေါ်သွားပုံ ရသည်။ မရွေ့သည့် အတူတူ လှေလှော်ရင်းဖြင့် ပုံသေယူ၍ ပြဇာတ်ကို ထိုနေရာမှာတွင် သိမ်းရန်၊ ပြည်ဖုံးကားပိတ်ရန် ကားဆွဲသမားထံသို့ မေးငေ့ါအချက် ပြလိုက်၏ ။ သို့သော် ကားဆွဲသမားက ပြည်ဖုံးကား မချ။ သူလည်း ကြောင် ကြည့်နေသည်။ ဇာတ်လမ်းအရ ကိုယဉ်ကျေးထံသို့ သမီးဖြစ်သူ လိုက်လာပြီး ''ဖေဖေ ..ဖေဖေ ...''ဟုအော်ခေါ်မှပြည်ဖုံးကား ပိတ်ရမည်ဟု ညွှန်ကြားထားသည်။ အခုတော့ လှေ မရွေ့သဖြင့် သမီးဖြစ်သူလည်း လိုက်လာလို့ မရ။

မတတ်သာသည့်အဆုံး ကိုယဉ်ကျေးသည် လှေပေါ်က ဆင်း၍ လမ်းလျှောက်ဟန် ပြုလိုက်သည်။ ထိုအခါမှ တိုင်ဖုံးကြားက ကားဆွဲသမား၏

ဆွဲအားကောင်းမှုကြောင့် ငြိနေသော ထော်လီသည် ဝါးလုံးစွန်းမှ
လွတ်သွားလေသည်။ လှေကြီးက လှော်သူမပါဘဲ မျောနေသည်။ ကိုယဉ်ကျေးလည်း
လှေပေါ်သို့ အရေးတကြီး ပြန် တက်၊ ဟန်မပျက်ဘဲ လှေလှော်ထွက်ခွာလိုက်ရသည်။
ကိုယဉ်ကျေးခမျာသမီးဖြစ်သူ၏ အော်ခေါ်သံကိုပင် မကြား လိုက်ရတော့။
တစ်ကိုယ်လုံး ဇောချွေးများရွှဲလျက်။ ထိုနေရာမှာ တင့် ပြည့်ဖုံးကားချပြီး
ပြဇာတ်ကို သိမ်းလိုက်ရလေတော့သတည်း ။

♥♥♥